Vol.1 (5.1), November 2021



Source: http://www.mmrdrs.com/myanmar-rubber-exports-surpass-target-current-fiscal-touch-250-mln/

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

“တိကျမြန်ဆန် ဈေးကွက်သတင်းမှန်
တောင်သူများအတွက် ဖြန့်ဝေရန်
စိတ်ချအားထား ဈေးနှုန်းများ
တောင်သူများအား ဖြန့်ဝေသွား”

15$^{th}$ November, 2021

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ

- ➢ နှံစားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ

❖ ပြည်တွင်းပြည်ပ လယ်ယာသတင်းများ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ စပါးဈေးနှုန်းများ ပြောင်းလဲနေခြင်း
- ❖ မြေပဲနှင့် နှမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိခြင်း
- ❖ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစဉ်းငုံနီ ဈေးနှုန်းများ ကျဆင်းသွားခြင်း
- ❖ ချက်ကြဲတစ်တန်ဈေးနှုန်းမှာသိသိသာသာမြင့်တက်လာခြင်း
- ❖ ဝါ(ချည်မျှင်ရှည်)၏ တစ်ပိဿာဈေးနှုန်း
- ❖ ကြက်သွန်နီဈေးနှုန်း သိသာစွာမြင့်တက်နေသော်လည်း ကြက်သွန်ဖြူဈေးနှုန်း ငြိမ်သက်နေခြင်း
- ❖ ခရမ်းချဉ်ဈေးနှုန်း မြင့်တက်လာပြီး ငရုတ်ဈေးနှုန်း ကျဆင်းလျက်ရှိခြင်း

စာမျက်နှာ ၂ မှ ၄

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ မလေးရှားနိုင်ငံ၏ စားအုန်းဆီ သိုလှောင်မှု လက်ကျန်မှာထုတ်လုပ်မှုနှေးကွေးပြီး တင်ပို့မှုမြင့်တက်ခဲ့ခြင်းကြောင့် စက်တင်ဘာလတွင် (၇)ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်း
- ❖ တရုတ်အာလူးဈေးကွက်သည် အောက်တိုဘာလတွင် အလားအလာကောင်းလာခြင်း

### စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံတကာသတင်းများ

- ❖ အမေရိကန်ချည်မျှင်များကို တရုတ်နိုင်ငံမှ ရုတ်တရက် ဝယ်ယူမှုကြောင့် (၁၀)နှစ်တာကာလအတွင်း ဈေးနှုန်း အကောင်းဆုံးအချိန်ဖြစ်လာခြင်း
- ❖ ရာသီဥတုပြောင်းလဲခြင်းနှင့် ကပ်ရောဂါများကြောင့် ကော်ဖီဈေးနှုန်းများမြင့်တက်ခြင်းသည် တူရကီနိုင်ငံ၏ ကော်ဖီယဉ်ကျေးမှုအတွက် စိုးရိမ်ဖွယ်ဖြစ်စေခြင်း
- ❖ အောင်ပန်းမြို့နယ်မှထွက်ရှိသော အာလူးများသည် များစွာသော အမြတ်အစွန်း ရရှိစေခြင်း
- ❖ တရုတ်နိုင်ငံတွင် ကျွဲကောသီးအမျိုးအစား အားလုံး၏ ဈေးနှုန်းများ ကျဆင်းလျှက်ရှိခြင်း
- ❖ မြန်မာနိုင်ငံသည် (၂၀၂၀-၂၁)ခုနှစ်ဘဏ္ဍာရေး နှစ်အတွင်း မြေပဲတန်ချိန် တစ်သိန်းခြောက်သောင်းကျော်ကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခဲ့ခြင်း
- ❖ မြန်မာ့ပဲတောင့်ရှည်စိုက်ပျိုးသူများ ယခုနှစ်တွင် အမြတ်ပိုမိုရရှိခြင်း

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ







## ပေါ်ဆန်းနှင့် မနေသုခစပါး

- နိုဝင်ဘာလ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာစစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် (၁၄၀၀၀)ကျပ်ဖြင့်အမြင့်ဆုံးဖြစ်နေပြီး အောက်တိုဘာလကုန်နှင့်နှိုင်းယှဉ်ပါက ဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၂၀၀၀ကျပ်အတွင်း (၈%မှ ၂၀%)ခန့် အထိ ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ပဲခူးဈေးကွက်၌ (၁၅%)ခန့်ဈေးနှုန်း အများဆုံး ကျဆင်းခဲ့ပါသည်။
- နိုဝင်ဘာလလယ် မနေသုခစပါးဈေးနှုန်းမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် (၁၉%)ခန့်အများဆုံး ဈေးနှုန်းမြင့်တက်ခဲ့ပြီး မန္တလေးဈေးကွက်၌ (၁၇%)ခန့် အများဆုံးဈေးနှုန်းကျဆင်းကာ အခြားဈေးကွက်များ၌ သိသာစွာ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။ အောက်တိုဘာလအတွင်း မနေသုခမှာ နေပြည်တော်၌ တစ်တင်းလျှင် အမြင့်ဆုံး(၉၅၀၀)ကျပ်ရှိနေပြီး ပဲခူး၌ တစ်တင်းလျှင် (၅၈၀၀)ကျပ်ဖြင့် ဈေးနှုန်း အနိမ့်ဆုံး ဖြစ်နေပါသည်။
- ယခုနှစ်မိုးစပါးနှင့် ၂၀၂၂ နွေစပါးတို့အတွက် အခြေခံ ရည်ညွှန်း စပါးဈေးနှုန်းကို တင်း(၁၀၀)လျှင် (၅၄၀,၀၀၀)ကျပ် သတ်မှတ်ထုတ် ပြန်ခဲ့ပြီးဖြစ်သော်လည်း အချို့ဒေသများ၌ ၎င်းဈေးနှုန်းထက်ပိုမို ရရှိနေကြကြောင်း၊ အချို့ဒေသများ၌မူ စပါးအသစ်များ ဈေးကွက်အတွင်းရောက်ရှိလာသော်လည်း ဈေးကောင်း မရရှိသေးခြင်း၊ အဟောင်းများကိုသာ ဆက်တိုက်အဝယ်လိုက်နေခြင်းတို့ကြောင့် ဈေးနှုန်းမှာ ဆက်လက်မြင့်တက်နေခြင်း ဖြစ်သည်ဟု သိရှိရပါသည်။

## အစေ့ထုတ်ပြောင်း




- အစေ့ထုတ်ပြောင်းမှာ မန္တလေးဈေးကွက်၌ တစ်တင်းလျှင် (၁၅,၅၀၀)ကျပ်ဖြင့် အောက်တိုဘာလအတွင်းအမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ပဲခူးဈေးကွက်၌ တစ်တင်းလျှင် (၅၀%)ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး အခြားဈေးကွက်များတွင် ဈေးနှုန်းသိသာစွာ ပြောင်းလဲမှုမရှိခဲ့ပါ။
- အောက်တိုဘာလ(၆)ရက်မှစ၍ တရုတ်နယ်စပ်ဂိတ်များ ပိတ်လိုက်ခြင်းကြောင့် အဓိကဝယ်လက်ဖြစ်သော တရုတ်သို့တင်ပို့မှုမရှိခြင်းကြောင့် ဈေးနှုန်းမှာ အကျဘက်သို့ဦးတည်ကာ ဈေးငြိမ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## မြေပဲ၊ နှမ်း၊ နေကြာ

- မြေပဲ(အတောင့်)ဈေးနှုန်းမှာ နိုဝင်ဘာ(၁၅)ရက်အတွင်း စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် (၂၇၅၀၀)ကျပ်ဖြင့် အများဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ဒေါ်လာဈေး အပြောင်းအလဲကြောင့် ပြည်ပမှတင်သွင်းသည့် စားအုန်းဆီ ဈေးနှုန်းများဆက်လက်မြင့်တက်လာမှုကြောင့် မြေပဲဆီပြောင်းလဲစားသုံးလာပြီး ရောင်းအားပိုမိုကောင်းလာကာ ဈေးကွက်အတွင်း(၅%မှ၁၅၀%) အထိ ဈေးနှုန်းမြင့်တက်လာခဲ့ပြီး အချို့ဈေးကွက်များ၌မူ ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။
- နှမ်း(နက်)ဈေးနှုန်းမှာ နိုဝင်ဘာလ(၁၅)ရက်အတွင်း ရခိုင်ဈေးကွက်၌ တစ်တင်းလျှင်(၈၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီးယခင်လနှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် (၂%မှ ၈၀%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး တရုတ်နယ်စပ်ဂိတ်များ ပိတ်ထားသော်လည်း ဈေးကွက်အတွင်း ပစ္စည်းရှားပါးခြင်းနှင့် ပြည်တွင်းဝယ်ယူမှုများခြင်းတို့ကြောင့် ဈေးနှုန်းမှာ မြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | အောက်တိုဘာလကုန် | နိုဝင်ဘာလလယ် | ခြားနားချက်(%) |
| ရန်ကုန် | ၁၂၀၀၀ | ၁၂၀၀၀ | ၀.၀၀ |
| မန္တလေး | ၁၃၀၀၀ | ၁၃၀၀၀ | ၀.၀၀ |
| မကွေး | ၁၄၀၀၀ | ၁၄၀၀၀ | (+)၃၃.၃၃ |
| ပဲခူး | ၁၇၀၀၀ | ၁၇၀၀၀ | (+)၁၃.၃၃ |
| စစ်ကိုင်း | ၂၇၅၀၀ | ၂၇၅၀၀ | (+)၁၅၀.၀၀ |
| တနင်္သာရီ | ၁၆၈၀၀ | ၁၆၈၀၀ | ၀.၀၀ |
| ကချင် | ၂၂၀၀၀ | ၂၂၀၀၀ | ၀.၀၀ |
| ကယား | ၁၁၅၀၀ | ၁၁၅၀၀ | ၀.၀၀ |
| ကရင် | ၁၂၇၀၀ | ၁၂၇၀၀ | (+)၅.၈၃ |
| ရခိုင် | ၁၂၀၀၀ | ၁၂၀၀၀ | (-) ၂၅.၀၀ |




- နိုဝင်ဘာလ(၁၅)ရက်အတွင်း နေကြာတစ်တင်းဈေးနှုန်းမှာ စစ်ကိုင်းဈေးကွက်တွင် တစ်တင်းလျှင် အမြင့်ဆုံး(၁၉၀၀၀)ကျပ်ရှိနေပါသည်။ စက်တင်ဘာလဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲခူးဈေးကွက်၌သာ တစ်တင်းလျှင် ၆၅၀၀ကျပ် (၅၀%)ခန့် အများဆုံး မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။

# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | အောက်တိုဘာ (၁၅) | နိုဝင်ဘာ (၁၅) | ခြားနားချက်(%) |
| နေပြည်တော် | ၅၃၀၀၀ | ၅၂၀၀၀ | (-) ၁.၈၉ |
| ရန်ကုန် | ၆၇၀၀၀ | ၅၃၀၀၀ | (-) ၂၀.၉၀ |
| မန္တလေး | ၄၉၀၀၀ | ၄၈၀၀၀ | (-) ၂.၀၄ |
| မကွေး | ၄၅၀၀၀ | ၄၀၀၀၀ | (-) ၁၁.၁၁ |
| ရေဝတီ | ၅၅၀၀၀ | ၅၂၀၀၀ | (-) ၅.၄၅ |
| ပဲခူး | ၄၅၀၀၀ | ၄၃၀၀၀ | (-) ၄.၄၄ |
| စစ်ကိုင်း | ၅၈၀၀၀ | ၄၂၅၀၀ | (-) ၂၆.၇၂ |
| တနင်္သာရီ | ၃၅၀၀၀ | ၃၃၀၀၀ | (-) ၅.၇၁ |
| ကချင် | ၃၈၀၀၀ | ၃၈၀၀၀ | ၀.၀၀ |
| ကရင် | ၃၂၅၀၀ | ၃၂၀၀၀ | (-) ၁.၅၄ |
| ရခိုင် | ၄၀၀၀၀ | ၄၀၀၀၀ | ၀.၀၀ |

## ပဲတီစိမ်းနှင့်မတ်ပဲ

- နိုဝင်ဘာ(၁၅)ရက်အတွင်း ပဲတီစိမ်းဈေးနှုန်းမှာ ရေဝတီဈေးကွက်၌ တစ်တင်းလျှင် (၅၈၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးအနေအထားရှိနေပြီး စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အတွင်း၌ တစ်တင်းလျှင် အများဆုံး(၇၀၀၀)ကျပ် (၂၀%)အထိ ဈေးနှုန်းကျဆင်းနေပါသည်။
- နိုဝင်ဘာ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းသည် အောက်တိုဘာ(၁၅)နှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် (၅၀၀မှ ၁၅၀၀၀) ကျပ်(၂% မှ ၂၀%)အတွင်း ဈေးနှုန်း ကျဆင်းလျက်ရှိပြီး ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင်(၅၃၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။
- ပဲတီစိမ်းသည် ပြည်ပပို့ကုန်ပဲဖြစ်ပြီး တရုတ်သို့ တင်ပို့မှုများ ရပ်ဆိုင်းလိုက်ခြင်းကြောင့် ဈေးနှုန်း ကျဆင်းလာပြီး အချို့ဒေသများတွင်လည်း ပဲအသစ်ပေါ်ခါနီးအချိန်ဖြစ်၍ ဈေးနှုန်းကျဆင်းနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။
- မတ်ပဲဈေးနှုန်းကျဆင်းရခြင်းမှာ အဓိကအားဖြင့် မြန်မာ့ငွေကြေးလဲလှယ်နှုန်းကျဆင်းခြင်းကြောင့် ဖြစ်ပြီး အဓိကတင်ပို့နေသည့် အိန္ဒိယတွင် ပဲအသစ်များဝင်ရောက်လျက်ရှိသော်လည်း ပုံမှန်တင်ပို့မှုရှိနေကြောင်းနှင့် ကုန်သည်များမှ ရသည့်ဈေးဖြင့် ရောင်းချနေမှုကြောင့် ဈေးနှုန်းကျဆင်းသွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ကုလားပဲ




- နိုဝင်ဘာ(၁၅)ရက်အတွင်း ကုလားပဲဈေးနှုန်းမှာ ယခင်လနှင့်နှိုင်းယှဉ်ပါကဈေးကွက်အတွင်း၌ တစ်တင်းလျှင်(၂%)ခန့် အများဆုံးဈေးနှုန်းကျဆင်းခဲ့ပြီး နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၄၂၅၀၀)ကျပ် ရှိနေပါသည်။
- ကုလားပဲလက်ကျန်လျော့နည်းလာခြင်းနှင့် မျိုးပဲများကိုသာ ရောင်းဝယ်နေခြင်းကြောင့် ကုလားပဲဈေးနှုန်းမှာ အောက်တိုဘာလအတွင်း ဈေးငြိမ်နေသည့် အနေအထားဖြစ်ကြောင်း သိရှိရပါသည်။




- ပဲစင်းငုံနီတစ်တင်းဈေးနှုန်းမှာ အောက်တိုဘာလအတွင်း နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် (၄၈၅၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အတွင်း၌ တစ်တင်းလျှင် (၅၀၀ မှ ၁၆၀၀၀)ကျပ် (၂% မှ ၄၀%)ခန့်အထိ ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။
- ပဲစင်းငုံနီမှာ အိန္ဒိယသို့တင်ပို့မှုရှိနေသော်လည်း အိန္ဒိယစားသုံးမှုလျော့နည်းလာခြင်းနှင့် ပြည်တွင်းငွေလဲလှယ်ဈေးနှုန်းမှာ ယခင်လများနှင့်နှိုင်းယှဉ်ပါကကျဆင်းနေခြင်းကြောင့် ပဲစင်းငုံနီဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ဝါ(ချည်မျှင်ရှည်)




- နိုဝင်ဘာ(၁၅)ရက်အတွင်း ချည်မျှင်ရှည်ဝါဈေးနှုန်းမှာ မကွေးနှင့် မန္တလေးဈေးကွက်တို့၌ တစ်ပိဿာလျှင် (၁၅၀၀)ကျပ် အများဆုံးရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါကနေပြည်တော်နှင့် မကွေးဈေးကွက်တို့၌ တစ်ပိဿာလျှင် (၁၀၀)ကျပ်ခန့်သာ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။
- နိုဝင်ဘာ(၁၅)ရက်အတွင်း ဝါဈေးနှုန်းအမြင့်ဆုံးနှင့်အနိမ့်ဆုံးကွာခြားမှုအနေဖြင့် တစ်ပိဿာလျှင် (၃၀၀) ကျပ်သာ ရှိပါသည်။

## ချက်ကြဲ




- ချက်ကြဲဈေးနှုန်းမှာ နိုဝင်ဘာ(၁၅)ရက်အတွင်း နေပြည်တော်၌ တစ်တန်လျှင် (၆၀,၀၀၀) ကျပ် အမြင့်ဆုံးရှိနေပြီး ပဲခူးနှင့် မွန်ပြည်နယ်တို့၌ (၄၅,၀၀၀)ကျပ်အနိမ့်ဆုံး ရှိနေပါသည်။ အောက်တိုဘာလအတွင်း ဈေးနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားမှုမှာ တစ်တန်လျှင် (၁၅,၀၀၀) ကျပ် ဖြစ်ပါသည်။
- နိုဝင်ဘာ(၁၅)ရက်အတွင်း ပြည်တွင်းသကြားသုံးစွဲမှုမြင့်တက်လာခြင်းကြောင့် သကြားဈေးနှုန်းမြင့်တက်လျက်ရှိရာ ယခုနှစ်ကြံရာသီချိန်တွင် သကြားစက်ရုံများမှ ဝယ်ယူမည့် ကြံတစ်တန်အတွက်အခြေခံဈေးနှုန်း(၆၀၀၀၀)ကျပ် သတ်မှတ်ထားရှိပြီး သကြားဈေးနှုန်းအတက်အကျအလိုက် ဝယ်ယူပေးမည့်ပုံစံမှာမူ မတူညီနိုင်ကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံ



## ကြက်သွန်နီ




○ ကြက်သွန်နီဈေးနှုန်းအခြေအနေမှာ အိန္ဒိယနိုင်ငံ၌ ရာသီဥတုဆိုးရွားမှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုရှိကာပြည်ပတင်ပို့မှုများရပ်ဆိုင်းလိုက်ရာတွင် ၎င်းနိုင်ငံမှ အဓိကအားထားဝယ်ယူလျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံဘက်မှ ကြက်သွန်နီများကိုပြောင်းလဲ၍ ဝယ်ယူတင်သွင်းလာသည့်အခြေအနေတွင် မြန်မာ့ကြက်သွန်နီ ဈေးနှုန်းမှာ အောက်တိုဘာလဆန်းပိုင်းမှစ၍ မြင့်တက်လာသည့်အနေအထား ရှိနေကြောင်း သိရှိရပါသည်။

○ နိုဝင်ဘာလ(၁၅)ရက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၆၉၀၀)ကျပ်ရှိနေပြီး ယခင်လနှင့်ဈေးနှုန်းကွာခြားမှုအနေဖြင့် မကွေးဈေးကွက်၌ တစ်ပိဿာလျှင်(၅၀%)ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အားလုံး၌လည်း တစ်ပိဿာလျှင်(၅၀၀ မှ ၂၀၀၀) ကျပ်အတွင်းဈေးနှုန်းမြင့်တက်လျက်ရှိနေပါသည်။

## ငရုတ်(အစို/အခြောက်)




○ နိုဝင်ဘာလ(၁၅)ရက်အတွင်း ငရုတ်(အစို)ဈေးနှုန်းမှာ တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၄၀၀၀)ကျပ်ရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါကတစ်ပိဿာလျှင် (၉၀၀)ကျပ်(၃၃%)ခန့် အများဆုံး ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ရခိုင်ဈေးကွက်မှလွဲ၍ ကျန်ဈေးကွက်များ၌လည်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။

○ ဈေးကွက်များအတွင်း ငရုတ်အသစ်များ ဆက်တိုက်ဝင်ရောက်မှုကြောင့် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
| --- | --- | --- | --- |
| | အောက်တိုဘာ (၁၅) | နိုဝင်ဘာ (၁၅) | ခြားနားချက်(%) |
| နေပြည်တော် | ၆၀၀၀ | ၆၅၀၀ | (+) ၈.၃၃ |
| ရန်ကုန် | ၄၀၀၀ | ၅၀၀၀ | (+) ၂၅.၀၀ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| မကွေး | ၂၄၀၀ | ၃၀၀၀ | (+) ၂၅.၀၀ |
| ပဲခူး | ၄၀၀၀ | ၆၀၀၀ | (+) ၅၀.၀၀ |
| တနင်္သာရီ | ၄၀၀၀ | ၄၂၀၀ | (+) ၅.၀၀ |
| ကယား | ၂၅၀၀ | ၃၀၀၀ | (+) ၂၀.၀၀ |
| ရခိုင် | ၇၀၀၀ | ၆၉၀၀ | (-) ၁.၄၃ |

## ကြက်သွန်နီနှင့် ကြက်သွန်ဖြူ

○ နိုဝင်ဘာ(၁၅)ရက်အတွင်း ကြက်သွန်နီဈေးနှုန်းမှာ ကယားနှင့် တနင်္သာရီဈေးကွက်တို့၌ တစ်ပိဿာလျှင် (၁၃၀၀)ကျပ်အများဆုံးရှိနေပြီး ဈေးကွက်အများစု၌ ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၁၁၀၀) ကျပ်ရှိနေပါသည်။ ယခင်လနှင့် နှိုင်းယှဉ်ပါက ဈေး ကွက်အားလုံး၌ တစ်ပိဿာလျှင် (၆၀၀)ကျပ် (၁၀၀%)အထိ အများဆုံးဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

## ခရမ်းချဉ်




○ နိုဝင်ဘာ(၁၅)ရက်အတွင်း ခရမ်းချဉ်ဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၃၀၀၀)ကျပ်ရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက မကွေးဈေးကွက်၌ တစ်ပိဿာလျှင် (၈၀၀)ကျပ် (၁၃၃%)ခန့်အများဆုံးမြင့်တက်ခဲ့ပြီး ဈေးကွက်အားလုံး၌လည်း ဈေးမြင့်နေသည့်အနေအထားဖြစ်ပါသည်။




○ ငရုတ်(အခြောက်)ဈေးနှုန်းမှာ ရန်ကုန်နှင့် ရခိုင်ဈေးကွက်တို့၌ တစ်ပိဿာလျှင်(၁၁၀၀၀)ကျပ်ဖြင့် အောက်တိုဘာလအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်နေပါသည်။

○ ယခင်လဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်၌ တစ်ပိဿာလျှင် (၂၅၀၀)ကျပ် (၇၀%)ခန့် အများဆုံး ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## မလေးရှားနိုင်ငံ၏ စားအုန်းဆီ သိုလှောင်မှု လက်ကျန်မှာ ထုတ်လုပ်မှုနှေးကွေးပြီး တင်ပို့မှုမြင့်တက်ခဲ့ခြင်းကြောင့် စက်တင်ဘာလတွင် (၇)ရာခိုင်နှုန်းကျဆင်းခဲ့ခြင်း

- ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုများ သိသိသာသာမြင့်တက်လာခြင်းကြောင့် မလေးရှားနိုင်ငံ၏စားအုန်းဆီလက်ကျန်ပမာဏသည် စက်တင်ဘာလကုန်တွင် (၆.၉)ရာခိုင်နှုန်းဖြင့် မက်ထရစ်တန် (၁.၇၄၆)သန်းသို့ ကျဆင်းသွားခဲ့ပြီး နိုင်ငံခြားသားအလုပ်သမားရှားပါးမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းသည် ထုတ်လုပ်မှုကိုထိခိုက်စေကြောင်း၊
- အောက်တိုဘာလ(၁၁)ရက်တွင် ထုတ်ပြန်သော မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB)၏ အချက်အလက်များအရ ထိပ်တန်းဝယ်ယူသည့်နိုင်ငံများ ဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် အင်ဒိုနီး ရှားမှ ဈေးကြီးသောရွေးချယ်မှုများထက် မလေးရှား စားအုန်းဆီဘက်သို့ ဦးတည်လာသောကြောင့် ဝယ်လိုအားမြင့်မားလာပြီး မလေးရှားနိုင်ငံ၏ စက်တင်ဘာလတင်ပို့မှုသည် (၃၆.၈) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်လထက်တစ်လ မြင့်တက်ကာ မက်ထရစ်တန် (၁.၅၉၇) သန်း ရောက်ရှိခဲ့ကြောင်း၊
- S&P Global Platts ၏ စစ်တမ်းတစ်ခုအရ စက်တင်ဘာလတွင် မလေးရှား၏ စားအုန်းဆီ လက်ကျန်သည်(၁.၈၂၈)သန်း၊ တင်ပို့မှုမှာ(၁.၅၈၈) သန်းနှင့်ထုတ်လုပ်မှုမှာ (၁.၇၃)သန်းရှိပြီး မလေးရှားနိုင်ငံသည် အင်ဒိုနီးရှားပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး စားအုန်းဆီ ထုတ်လုပ်မှုနှင့် တင်ပို့သည့်နိုင်ငံဖြစ်ကြောင်း၊
- စားအုန်းဆီဈေးနှုန်းများသည် မကြာသေးမီတွင် သမိုင်းဝင်အမြင့်ဆုံးသို့ မြင့်တက်ခဲ့ကြောင်း၊ အစောပိုင်းလ စားအုန်းဆီကြိုရောင်းကြိုဝယ် ဈေးကွက်သည် အောက်တိုဘာ(၆) ရက်တွင် မက်ထရစ်တန်တစ်တန်လျှင် မလေးရှားသုံးငွေ MR (၅,၀၀၀) (ဒေါ်လာ -၁၁၉၉.၁) မှ အောက်တိုဘာ (၁၁) ရက်တွင် MR (၅,၁၃၅) (ဒေါ်လာ -၁၂၃၁.၅) အထိ မြင့်တက်ခဲ့ပြီး အရောင်း အဝယ်ပြုနေကြောင်း၊
- တရုတ်ဝယ်လက်များသည် စားအုန်းဆီ အများအပြားဝယ်ယူသောကြောင့် ဒီဇင်ဘာလအတွက် CPO ကြိုရောင်းကြိုဝယ်ဈေးကွက်သည် စက်တင်ဘာ (၃၀) ရက် တွင် မက်ထရစ်တစ်တန်လျှင် MR ၄,၅၉၈ (ဒေါ်လာ ၁၁၀၂.၇)ထိ စံချိန်တင်ခဲ့ကြောင်း၊
- မလေးရှားနိုင်ငံတွင် အောက်တိုဘာလ (၁၁) ရက်နံနက်အရောင်းအဝယ်ဖြစ်စဉ်အတွင်း ဒီဇင်ဘာ ကြိုရောင်းကြိုဝယ်ဈေးကွက်သည် MR ၄,၉၇၈(ဒေါ်လာ ၁၁၉၃.၈)အထိ မြင့်တက်ကာ ရောင်းဝယ်မှုပြုခဲ့ကြောင်း (၁၁.၁၀.၂၀၂၁)ရက်တွင်ထုတ်ပြန်ခဲ့သော S&PGlobalPlatts ကွန်ယက်၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

Source:https://www.spglobal.com/platts/en/market-insights/latest-news/agriculture/101121-malaysias-palm-oil-stocks-fall-7-in-sep-as-production-slows-exports-rise

## မြန်မာနိုင်ငံသည် (၂၀၂၀-၂၁)ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း မြေပဲတန်ချိန် တစ်သိန်းခြောက်သောင်းကျော်ကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခဲ့ခြင်း

- မြန်မာနိုင်ငံသည် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်တွင် မြေပဲတန်ချိန် (၁၆၀,၇၇၆)ကျော် တင်ပို့နိုင်ခဲ့ကြောင်း၊
- မြန်မာ့မြေပဲအများစုကို တရုတ်သို့ တင်ပို့လျက်ရှိပြီး လက်ရှိတွင်ပြည်ပမှတင်သွင်းသော စားအုန်းဆီဈေးနှုန်းသည် ယခုလတွင် တစ်ပိဿာလျှင် ကျပ်(၅,၀၀၀)အထက်ထိ မြင့်တက်လာသောကြောင့်တရုတ်ဈေးကွက်ထက် ပြည်တွင်းဈေးကွက်တွင် မြေပဲဝယ်လိုအား မြင့်မားနေကြောင်း၊
- ယနေ့ခေတ်တွင် စားသုံးသူများ၏ စားသုံးသည့်အမူအကျင့် ပြောင်းလဲသွားသောကြောင့် မြေပဲဆီဝယ်လိုအားသည် မြင့်တက်လာပြီး အောက်တိုဘာလတွင် မြေပဲဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ်(၆,၅၀၀)ခန့်ရှိပြီး စားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ်(၄,၅၀၀)ခန့်ရှိကြောင်း၊
- ပြည်တွင်းဆီစက်များ၏ မြေပဲဝယ်လိုအား မြင့်မားလာမှုကြောင့် မြေပဲဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ်(၂,၇၀၀)မှ (၂,၉၅၀)အတွင်း မြင့်တက်လာကြောင်း၊ မြန်မာ့ဆီအဖွဲ့အစည်းသည် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (Good Agriculture Practices -GAP)နှင့် ထုတ်လုပ်မှုဆိုင်ရာအလေ့အကျင့်ကောင်း(Good Manufacturing Practices -GMP) တို့နှင့်အညီ ထုတ်လုပ်ထားသော မြေပဲဆီများ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း၊
- မန္တလေးတိုင်းဒေသကြီးတွင် ဆီစက်(၃၀၀)ခန့်ရှိပြီး ၎င်းတို့ထဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)လက်မှတ်ကိုင်ဆောင်ထားသည်မှာ (၅၀)သာရှိပြီး ကျန်ဆီစက်များသည် (FDA)စံနှုန်းနှင့်မပြည့်မီသေးကြောင်း၊
- မြန်မာ့စားသုံးဆီစက်လုပ်ငန်းရှင်များ အသင်းမှ ဆီစက်များကို ရောင်းလိုအားကွင်းဆက်တစ်ခုလုံးတွင်(FDA)ထောက်ခံချက်ရရှိအောင် ကူညီဆောင်ရွက်ပေးရန်စီစဉ်လျက်ရှိပါကြောင်း (၂၂.၁၀.၂၀၂၁) ရက်တွင် ထုတ်ပြန်ခဲ့သောThe Global New Light of Myanmar သတင်းစာ၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://www.gnlm.com.mm/myanmar-ships-over-160700-tonnes-of-peanut-to-international-markets-in-20202021fy

## အမေရိကန်ချည်မျှင်များကို တရုတ်နိုင်ငံမှ ရုတ်တရက်ဝယ်ယူမှုကြောင့် (၁၀)နှစ်တာကာလအတွင်း ဈေးနှုန်းအကောင်းဆုံးအချိန် ဖြစ်လာခြင်း

- ✓ ရာသီဥတုမကောင်းသဖြင့် ကမ္ဘာတစ်ဝှမ်းရှိ သီးနှံများကို ထိခိုက်စေခြင်းနှင့် ထိပ်တန်းတင်ပို့သည့်နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံမှ ချည်မျှင်များ အဆက်မပြတ်ဝယ်ယူမှုများကြောင့် ဝါဂွမ်းကြိုရောင်းကြိုဝယ်ဈေးကွက်သည် ဆယ်စုနှစ် တစ်ခုအတွင်း အမြင့်ဆုံးသို့ မြင့်တက်ခဲ့ကြောင်း၊
- ✓ (၂၀၁၁)ခုနှစ်၊ မတ်လနောက်ပိုင်း ဈေးနှုန်းများသည် ယခုသုံးလပတ်တွင် (၂၀)ရာခိုင် နှုန်းမြင့်တက်ခဲ့ပြီး ကုန်ကြမ်းပစ္စည်းဈေးနှုန်းများမြင့်တက်ခြင်းကြောင့် အဝတ်အစား များအတွက် ကုန်ကျစရိတ်မြင့်မားနေရပြီး ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးမှတစ်ဆင့် ငွေကြေးဖောင်းပွမှု ဖိအားများကို မြင့်တက်စေကြောင်း၊
- ✓ နယူးယောက်တွင်ဒီဇင်ဘာလအတွက် ကြိုရောင်းကြိုဝယ်ဈေးကွက်သဘောတူညီချက်အရ ဈေးနှုန်းသည် (၄)ရာခိုင်နှုန်းဖြစ်သော တစ်ပေါင်လျှင် (၁.၀၄၀၃)ဒေါ်လာသို့ မြင့်တက်ခဲ့ကြောင်း၊
- ✓ ဝါဈေးနှုန်းသည်တစ်ပေါင်လျှင် (၁.၁၂)ဒေါ်လာဝန်းကျင်အထိ မြင့်တက်နိုင်ကြောင်း၊ လက်ရှိသင်္ဘောပို့ဆောင်မှုအခက်အခဲများကြောင့် အဆင်မပြေဖြစ်ရပြီး လွန်ခဲ့သောဆယ်စုနှစ်တစ်ခုမှ

ဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့ကာ ကမ္ဘာ့ဝါလက်ဝယ်အရန်ထားရှိမှုသည် ယခုအခါ ထက်ဝက်ခန့်ပဲကျန်ရှိပါကြောင်း DECA Global LLC ၏ အထည်အလိပ်တင်သွင်းသူ အကြီးတန်းကုန်သည် Jordan Lea၏ ပြောကြားခဲ့ကြောင်း၊

- ✓ ချက်ချင်းပို့ဆောင်ရန် ကုန်လက်ကျန်စာရင်း မရှိပါကြောင်း ယခုထိဈေးနှုန်းများ မြင့်မားမှုများသည်ဝယ်လိုအားကိုထိခိုက်မှုမရှိပါကြောင်း၊
- ✓ အကယ်၍ ဈေးနှုန်းများ ပိုမိုမြင့်တက်လာလျှင် (သို့မဟုတ်) သဘောင်္တင်ပို့မှု အခက်အခဲများကြောင့် ဗီယက်နမ်သို့မဟုတ် ဘင်္ဂလားဒေ့ရှ်ကဲ့သို့ အာရှဝယ်ယူသူများသည် ၎င်းတို့လိုအပ်သော ဝါဂွမ်းများမရရှိနိုင်လျှင် ဓာတုနည်းဖြင့်ပြုလုပ်ထားသောအမျှင်များဖြင့် ရက်လုပ်သည့် အထည်များ(polyester)ကို ပြောင်းလဲဝယ်ယူနိုင်ကြောင်း၊
- ✓ စွမ်းအင်ကုန်ကျစရိတ်များမြင့်တက်လာခြင်း၊ ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ငွေကြေးဖောင်းပွမှုဆိုင်ရာ စိုးရိမ်မှုများသည် စတုတ္ထသုံးလပတ်တွင် သုံးစွဲမှုကို လျော့ကျနိုင်ပါကြောင်း၊ လက်ရှိဈေးနှုန်းများသည် ဝယ်လိုအားကို ပျက်ဆီးစေနိုင်ပါကြောင်း (၂၉.၉.၂၀၂၁) တွင် ထုတ်ပြန်သော Boombergကွန်ယက်၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://www.bloomberg.com/news / articles/2021-09-29/cotton-continues-surge-toward-decade-high-with-supply-squeezed

## ရာသီဥတုပြောင်းလဲခြင်းနှင့် ကပ်ရောဂါများကြောင့် ကော်ဖီဈေးနှုန်းများမြင့်တက်ခြင်းသည် တူရကီနိုင်ငံ၏ ကော်ဖီယဉ်ကျေးမှုအတွက် စိုးရိမ်ဖွယ်ဖြစ်စေခြင်း

- ရာသီဥတုပြောင်းလဲခြင်းနှင့် ကပ်ရောဂါဖြစ်ပွားမှု၏ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ကမ္ဘာတစ်ဝှမ်း ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးပြဿနာများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ကော်ဖီဈေးနှုန်းများ မြင့်တက်လာပြီး တူရကီနိုင်ငံ၏ အဓိကယဉ်ကျေးမှုဓလေ့များထဲမှ တစ်ခုဖြစ်သည့် ကော်ဖီသောက်ခြင်းဓလေ့ထုံးစံသည် ဆုံးရှုံးနိုင်သည့် အခြေအနေတွင် ရှိနေကြောင်း၊
- ဆိုးရွားသောရာသီဥတုအခြေအနေ၊ ကပ်ရောဂါကြောင့် သယ်ယူပို့ဆောင်ရေးပြဿနာများနှင့် ကမ္ဘာတစ်ဝှမ်းရုန်းကန်နေရသည့် စီးပွားရေးအခြေအနေတို့သည် ကော်ဖီဈေးနှုန်းများကို မြင့်တက်စေပြီး ပြီးခဲ့သည့်နှစ် ကော်ဖီအခြေခံဈေးနှုန်းထက်နှစ်ဆမြင့်တက်ခဲ့ပြီး လူမှုဘဝနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများတွင် ကော်ဖီသည် အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်သည့် တူရကီကဲ့သို့သော နိုင်ငံတစ်နိုင်ငံအပေါ် ထိုသို့ကော်ဖီဈေးနှုန်းမြင့်တက်ခြင်းသည် ကြီးကြီးမားမား ထိခိုက်နစ်နာစေနိုင်သည့် အကျိုးသက်ရောက်မှုရှိကြောင်း၊
- တူရကီစီးပွားရေး ဆက်လက်ကျဆင်းနေသည်နှင့်အမျှ ကော်ဖီဈေးနှုန်းမြင့်မားခြင်းသည် အချို့သော ကော်ဖီသောက်သုံးသူများအား ကော်ဖီသောက်သုံးသည့်အလေ့အထအား စွန့်လွှတ်စေပြီး အသေးစား ကော်ဖီထုတ်လုပ်သူများကိုလည်း စီးပွားရေးလုပ်ငန်းများမှ ထွက်ခွာသွားစေနိုင်ကြောင်း၊
- ရာသီဥတုပြောင်းလဲခြင်းသည် ကော်ဖီဈေးနှုန်းမြင့်တက်စေသည့် အဓိကအကြောင်းအရင်းများမှ တစ်ခုဖြစ်ပြီး ပြီးခဲ့သည့်နှစ်များတွင် ကမ္ဘာ့အများဆုံးကော်ဖီထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် ဘရာဇီးလ်နိုင်ငံတွင် ရာထောင်ချီရှိသော ကော်ဖီပင်များသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် မိုးခေါင်ခြင်း၊ နှင်းကျခြင်းနှင့် အခြားသော ထူးကဲပြင်းထန်သည့်ရာသီဥတုအခြေအနေများကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း
- ၎င်းအပင်များသည် ပြန်လည်ရှင်သန် ကြီးထွားရန် (၄)နှစ်မှ(၇)နှစ်အထိကြာနိုင်ပြီး ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များအားလုံးဖြစ်သော ပုံမှန်ထက်ပိုသော လေတိုက်နှုန်း၊ ပူလွန်းခြင်း၊ အေးလွန်းခြင်းတို့သည် ရာသီဥတုအခြေအနေများအား ချက်ချင်းတုံ့ပြန်မှုရှိသော ကော်ဖီသီးနှံများအား ခြိမ်းခြောက်နိုင်ကြောင်း၊ ယခုနှစ်တွင် ရာသီဥတုအခြေအနေများကြောင့် တိုက်ရိုက် အထိခိုက်ဆုံးဖြစ်သည့်ကော်ဖီမှာ လူကြိုက်အများဆုံး အာရေဘီကာမျိုးပင်ဖြစ်ကြောင်း၊
- ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်သည်သာလျှင် ကော်ဖီဈေးနှုန်းမြင့်တက်ခြင်းမဟုတ်ပါ။ (၆) နှစ်အတွင်း ဈေးနှုန်းမြင့်တက်ခြင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော သယ်ယူပို့ဆောင်ရေးတွင် နှောင့်နှေးမှုများနှင့် အတားအဆီးများကြောင့် ဖြစ်ပြီး ဥပမာအနေဖြင့် ကပ်ရောဂါကာလအတွင်း ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့ဆိပ်ကမ်းအား ပိတ်ထားခြင်းသည် ကမ္ဘာ့ကုန်သွယ်မှုကို ရပ်တန့်စေကြောင်း၊ အချို့နိုင်ငံများသည် ၎င်းတို့၏ နယ်နမိတ်များအား ပိတ်ခဲ့သောကြောင့် ကုန်သွယ်ရေးအတွက် ဝင်ခွင့်ရရန် အတားအဆီး များစွာရှိခဲ့ပြီး ၎င်းသည် ကော်ဖီဈေးနှုန်းများမြင့်တက်မှုကို ဦးတည်ခဲ့ကြောင်း၊
- တူရကီရှိ များစွာသော ကော်ဖီထုတ်လုပ်သူများသည် လွန်ခဲ့သောနှစ်တွင် (၁၀၀) ဂရမ်ရှိသော ကော်ဖီထုတ်များဝယ်ပြီးတစ်ထုတ်လျှင် ထုတ်ပိုးခစရိတ်မှာ(၆)lirasဝန်းကျင် ကုန်ကျပြီး ယခုတွင် အသက်သာဆုံးသော ထုတ်ပိုးခမှာ တစ်ထုပ်လျှင် (၇.၇၅) lirasဖြစ်သော်လည်း အများစုမှာ (၉) lirasဝန်းကျင်ဖြစ်ကြောင်း၊ (၁ ဒေါ်လာ= ၈.၉ liras) ဤဈေးနှုန်းမြင့်တက်မှုသည် စားသုံးသူတစ်ဦးချင်းစီကို သက်ရောက်မှုရှိကြောင်း၊
- တူရကီနိုင်ငံတွင် Gaziantep နှင့် Urfaကဲ့သို့သော မြို့ကြီးများတွင် ကော်ဖီပြုပြင်ထုတ်လုပ် သောသိုလှောင်ရုံများတွင် ကုန်ပစ္စည်းများစွာမရှိသဖြင့် ၎င်းတို့သည် ဈေးနှုန်းနိမ့်ကျရန် ထိန်းသိမ်းနိုင်ခြင်းမရှိသည့်အပြင် စီးပွားရေးလုပ်ငန်းအဖွဲ့ကြီးများသည် အင်ဒိုနီးရှားနှင့် ဘရာဇီးကဲ့သို့သော နိုင်ငံများရှိကော်ဖီလက်ကျန်ကိုဝယ်ယူလျှင် အသေးစားထုတ်လုပ်သူများ၏ အခြေအနေသည် ပိုမိုဆိုးရွားလိမ့်မည် ဖြစ်ကြောင်း၊
- ရာသီဥတုအကျပ်အတည်းနှင့် ဈေးနှုန်းမြင့်တက်မှု၏ အကျိုးဆက်အနေဖြင့် တူရကီအစိုးရသည် ကော်ဖီတင်သွင်းမှုအခွန်အား (၁၃)ရာခိုင်နှုန်းမှ (၈)ရာခိုင်နှုန်းအထိလျှော့ချခဲ့သော်လည်း ဈေးနှုန်းကျဆင်းရန် မလုံလောက်ကြောင်းနှင့် သွင်းကုန်အခွန်အခအားလုံးဝလျှော့ချခြင်း (အခွန်အခသည် သုညသို့ရောက်စေလို)ကြောင်း ကော်ဖီထုတ်လုပ်သူများမှ ပြောကြားခဲ့ပါကြောင်း(၄.၁၀.၂၀၂၁)တွင် ထုတ်ပြန်သော တူရကီသတင်းကွန်ယက်၏ သတင်းစောင်းပါးအရသိရှိရပါသည်။

Source: https://www.duvarenglish.com/climate-change-and-pandemic-raise-coffee-prices-threatening-turkish-cultural-staple-news-59068

## တရုတ်နိုင်ငံတွင် ကျွဲကောသီး အမျိုးအစားအားလုံး၏ ဈေးနှုန်းများ ကျဆင်းလျှက်ရှိခြင်း

- တရုတ်နိုင်ငံ၌ ယခုအချိန်တွင် ကျွဲကောသီးမှည့်များနှင့်အတူ အသီးများလှိုင်လှိုင်ပေါ်သည့်ရာသီသို့ရောက်ရှိကာ ဈေးကွက်ကို ဝင်ရောက် လှုပ်ရှား

လျက်ရှိပြီး မကြာသေးမီနှစ်များအတွင်း တရုတ်တွင် ကျွဲကောမျိုးများအရောင်းအဝယ်ကောင်းခဲ့ပြီး အရည်အသွေးကောင်းမျိုးကွဲတစ်ချို့အား ယခင်ကလူကြိုက်များခဲ့ပြီး ယခုအခါ နှစ်သက်မှုနည်းပါးလာကြောင်း၊

- ယခုနှစ်တွင်ဈေးနှုန်းများကျဆင်းနေပြီး ရောင်းအားလည်းကျဆင်းနေရာ ဥပမာအားဖြင့် ကျွဲကောသီးစိုက်ပျိုးသည့် ဒေသဖြစ်သောဖူကျန့် Fujian ပြည်နယ်ရှိ ပင်းဟယ် Pinghe ဒေသတွင် ကျွဲကောသီးအဖြူသည် တစ်ပေါင်လျှင် တရုတ်ယွမ်ငွေ (၀.၅)မှ (၀.၆) ယွမ် (တစ်ကီလိုဂရမ်လျှင် ၀.၁၆ဒေါ်လာမှ ၀.၁၉ဒေါ်လာ) ကျဆင်းခဲ့ပြီး ကျားရှင်း Jiaxingသစ်သီး ဈေးကွက်တွင် လက်ကားဈေးနှုန်းများသည် တစ်ပေါင်လျှင် ၁ယွမ် (တစ်ကီလိုဂရမ်တွင် ၁.၃၁ ဒေါ်လာ) ထက် ပိုမရကြောင်း၊
- ဈေးနှုန်းကျဆင်းမှုသည် အသားထူသော ကျွဲကောအဖြူမျိုးများတွင်ပါမကျန် Red Heart ကျွဲကောသီးမျိုးနှင့် Triple Red ကျွဲကောသီးမျိုးများကိုပါ ထိခိုက်မှုရှိကြောင်း၊
- ပင်းဟယ် Pinghe ဒေသတွင် ကျွဲကောသီးအနီများသည် တစ်ပေါင်လျှင် (၀.၈)ယွမ် (တစ်ကီလိုဂရမ်လျှင် ၀.၂၅ ဒေါ်လာ)သာရရှိပြီး ကျားရှင်း Jiaxing သစ်သီးဈေးကွက်တွင် Triple Red ကျွဲကောသီးလက်ကားဈေးနှုန်းမှာ တစ်ပေါင်လျှင် (၁.၄ယွမ်)မှ (၁.၆ယွမ်)(တစ်ကီလိုဂရမ်လျှင် ၀.၄၄ ဒေါ်လာမှ ၀.၅၀ဒေါ်လာ)နှင့် Red Heart ကျွဲကောသီးမှာ တစ်ပေါင်လျှင် (၁.၂ယွမ်)မှ (၁.၃ယွမ်) (တစ်ကီလိုဂရမ်လျှင် ၀.၃၈ ဒေါ်လာမှ ၀.၄၁ ဒေါ်လာ) ရှိနေကြောင်း၊
- လွန်ခဲ့သည့်(၂)နှစ်ကျော်အချိန်တွင် Red Heart နှင့် Triple Red မျိုးကွဲများ၏ အရသာ ဆွဲဆောင်မှုကြောင့် တရုတ်တွင် ကျွဲကောသီးစားသုံးမှု ထွန်းကားလာခဲ့ကြောင်း၊ ကျွဲကောမျိုးရင်းများအနက် ဂရိတ်ဖရုသီးသည် လျှင်မြန်စွာ ရေပန်းစားလာကာ စားသုံးသူများ၏ အကြီးအကျယ် အားပေးမှုနှင့်အတူလက်ကားဈေးကွက်သို့ဝင်လာခဲ့ကြောင်း၊
- ဂရိတ်ဖရုသီးများသည် အခြားကျွဲကောသီးမျိုးများထက်(၃)နှစ်တာလူကြိုက်အများဆုံးဖြစ်ခဲ့ပြီး ယခုနှစ်တွင်ဈေးနှုန်းကျဆင်းမှုကို ဦးတည်နေကြောင်း၊
- ယခုနှစ် စက်တင်ဘာနှောင်းပိုင်းတွင် ရာသီအသစ် ဂရိတ်ဖရုသီးဈေးကွက်သို့ ရောက်ရှိချိန်တွင် တစ်ပေါင်လျှင် (၄ယွမ်)(တစ်ကီလိုဂရမ်လျှင် ၁.၂၅ ဒေါ်လာ)သာဈေးတက်ခဲ့ပြီး ယခင်နှစ်များမှ အကျိုးအမြတ်များနှင့် ကွာခြားနေခဲ့ကြောင်း၊
- ယခုနှစ်တွင် ဈေးနှုန်းကျဆင်းမှုသည် ကျွဲကောမျိုးကွဲအားလုံးနီးပါးအပေါ် သက်ရောက်မှုရှိပြီး အကြောင်းအရင်းများစွာကြောင့် ဖြစ်နိုင်ကြောင်း၊
- ထို့အပြင် ရာသီဥတုနှင့် အခြားသော လွှမ်းမိုးမှုများကြောင့် ပြည်နယ်အများစုမှ ပျားကျွဲကောအမြောက်အမြားသည် အချိန်တိုအတွင်း ဈေးကွက်သို့ရောက်ရှိလာပြီး ဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်း၊
- (၂၀၂၀)ခုနှစ်အထိ တရုတ်နိုင်ငံ၏ နှစ်စဉ်ကျွဲကောသီးတင်ပို့မှုပမာဏသည် တန်ချိန် (၁၇၀,၀၀၀) ရှိသော်လည်း တစ်နိုင်ငံလုံး ကျွဲကောသီး ထွက်ရှိမှုမှာ (၅)%ပင်မရှိဘဲ နှိုင်းယှဉ်ကြည့်ပါက တင်သွင်းသည့် ကျွဲကောသီးပမာဏသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း သိသိသာသာ တိုးတက်ခဲ့ကြောင်း၊
- (၂၀၁၈)ခုနှစ်တွင် ပြည်တွင်းကျွဲကော စိုက်ပျိုးဧရိယာမှာ (၁.၄)သန်း (၉၃၃၀၀ ဟက်တာ) ရှိလာခဲ့ပြီး တစ်နိုင်ငံလုံးအထွက်နှုန်းမှာ တန်ချိန် (၅သန်း)ကျော် ရှိခဲ့ကြောင်း၊ ဤကိန်းဂဏန်းများမှာ တိုးတက်နေဆဲဖြစ်ပြီး မပြည့်စုံသေးသော အချက်အလက်များအရ (၂၀၂၀) ခုနှစ်တွင် တစ်နိုင်ငံလုံးကျွဲကောထွက်ရှိမှုမှာတန်ချိန် (၅.၂၃သန်း) အထိ ရောက်ရှိခဲ့ကြောင်း၊
- ကျွဲကောခြံများလျှင်မြန်စွာချဲ့ထွင်လာခြင်းကြောင့် လုပ်ငန်းခွင်သို့ အတွေ့အကြုံမရှိသေးသော စိုက်ပျိုးသူအများအပြားကို ဆွဲခေါ်လာခဲ့ပြီး ပိုမိုကောင်းမွန်လာသော စိုက်ပျိုးနည်းစနစ်များနှင့် စီမံခန့်ခွဲမှုစွမ်းရည်များတွင် ကွာဟမှုများ ဖြစ်ပေါ်စေပြီး ပြည်တွင်း၌ ထုတ်လုပ်သည့် ကျွဲကောသီးများအကြားတွင် အရည်အသွေးများကွဲပြား သွားစေကြောင်း (၂၀.၁၀.၂၀၂၁) ရက်တွင် ထုတ်ပြန်ခဲ့သော Produce Report ကွန်ယက်၏ သတင်းစောင်းပါးအရသိရှိရပါသည်။

Source:https://www.producereport.com/article/pomelo-prices-plummet-china-remain-low-all-varieties

## အောင်ပန်းမြို့နယ်မှထွက်ရှိသော အာလူးများသည် များစွာသော အမြတ်အစွန်း ရရှိစေခြင်း

- အောင်ပန်းမြို့နယ်တွင် စိုက်ပျိုးသော အာလူးများသည်မန္တလေး သီရိမာလာလက်ကားဈေးကွက်သို့ ဝင်ရောက်ခဲ့ပြီး အာလူးဈေးကွက်သည် ယခင်နှစ်များထက်သိသိသာသာပိုမိုကောင်းလာခဲ့ကြောင်း၊
- အာလူးစိုက်ပျိုးသူများသည် ဈေးကောင်းရလာသောကြောင့်ကျေနပ်ပျော်ရွှင်ကြကြောင်း အာလူးကုန်လှောင်ရုံပိုင်ရှင်များမှ ပြောကြားခဲ့ကြောင်း၊
- အောင်ပန်းမြို့နယ်မှ အာလူးကုန်တင်ကား အစီးရေ(၂၀)ခန့်သည် မန္တလေးသီရိမာလာ လက်ကားဈေးသို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများသည် အရင်ကထက် ပိုမိုကောင်းလာပါကြောင်း၊ လွန်ခဲ့သောနှစ်ပတ်အတွင်း အာလူး တစ်ပိဿာလျှင် ကျပ်(၇၀၀)မှ (၁၂၀၀)အထိ မြင့်တက်ခဲ့ပါကြောင်း၊ လက်ရှိတွင် အာလူးတစ်ပိဿာလျှင် ပျမ်းမျှ ကျပ်(၁၇၀၀) မှ (၁၈၀၀) ကြား ပေါက်ဈေးဆယ်ဆခန့် မြင့်တက်လာပါကြောင်း၊
- လက်ရှိအောင်ပန်းမြို့နယ်တွင် အဓိကစိုက်ပျိုးသည့်အာလူးများသည် ဈေးကွက်ထဲကို ဝင်ရောက်လာပါကြောင်း၊ ကျန်သည့်ဒေသများမှ အာလူးများ ဈေးကွက်ထဲသို့ မဝင်သေးပါကြောင်း၊
- စိုက်ပျိုးသူများသည် ယခင်နှစ်တွင် အရှုံးပေါ်ခဲ့သောကြောင့် ယခုနှစ်တွင် အာလူးမစိုက်ပျိုးတော့သဖြင့် အာလူးစိုက်ဧက ထက်ဝက်ခန့်လျော့ကျသွားသောကြောင့်ဈေးကွက်တွင်း၌ အာလူးဈေးသည် မြင့်တက်နေပါကြောင်း၊ သယ်ယူပို့ဆောင်ရေးအတွက် လောင်စာဆီဈေးနှုန်း မြင့်တက်လာခြင်းသည် အာလူးဈေးတက်ခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ခု ဖြစ်ပါကြောင်း၊
- ထို့အပြင် ကပ်ရောဂါဖြစ်ပွားချိန်မှစ၍ လူများသည်အာလူးများကို သိုလှောင်ရန် ဝယ်ကြသောကြောင့် အာလူးဈေးတက်သွားခြင်းဖြစ်ပါကြောင်း၊
- လက်ရှိတွင် အောင်ပန်းမြို့မှ အာလူးများသည် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက် လျက်ရှိပြီး ဈေးကောင်းဖြင့် ရောင်းချလျက်ရှိကြောင်း (၂၀.၁၀.၂၀၂၁) ရက် တွင် ထုတ်ပြန်ခဲ့သောThe Global New Light of Myanmar သတင်းစာ၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://www.gnlm.com.mm/aungbanpotato-making-huge-profits/

## မြန်မာ့ပဲတောင့်ရှည်စိုက်ပျိုးသူများ ယခုနှစ်တွင်အမြတ်ပိုမိုရရှိခြင်း

❖ စစ်ကိုင်းခရိုင် မြင်းမူမြို့၊ တပင်ရွှေထီးရပ်ကွက်မှ ဒေသခံတောင်သူများသည် ပဲတောင့် ရှည်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး အထွက်နှုန်း

ကောင်းများနှင့် ဈေးနှုန်းကောင်းများ ရရှိသောကြောင့် တောင်သူများ ဝမ်းသာ ကျေနပ်ကြကြောင်း၊

- ❖ ထိုမြို့နယ်များတွင် ရာသီပေါ် ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံအချို့ကို ပုံမှန်စိုက်ပျိုးလျက်ရှိကြောင်း၊ လက်ရှိတွင် ၎င်းတို့၏မြို့နယ်များတွင် ပဲတောင့်ရှည် တစ်ဧကဝင်ဆန့်ပင် အပင်ဦးရေ (၇၀၀၀)နှင့် စိုက်ပျိုးလျက်ရှိကြောင်း၊ တစ်ဧကလျှင် (၈၀,၀၀၀)ကျပ် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီးနောက်(၄၅)ရက်တွင် ပဲတောင့်ရှည်ပိဿာ (၂၅၀) ကျော်ရရှိကြောင်း လယ်ယာမြေပိုင်ရှင် ဦးသန်းစိုး၏ ပြော ကြားချက်အရ သိရှိရပါကြောင်း၊
- ❖ ပဲတောင့်ရှည်ပင်သည် နုန်းမြေတွင် ကောင်းစွာကြီးထွားပြီး စိုက်ပြီးရက်(၇၀)အကြာတွင် အထွက်နှုန်းကောင်းနိုင်ကြောင်း၊ ပဲတောင့်ရှည်ပင်သည် အရွက်စားကျိုင်းနှင့် သီးတောင့် ထိုးကျိုင်းကောင်များ အကြိုက်ဆုံးအပင်ဖြစ်သောကြောင့် စိုက်ပျိုးသူများသည် ဂရုစိုက်ရန် လိုအပ်ပြီး လိုအပ်လျှင် ပိုးသတ်ဆေးဖြန်းရမည် ဖြစ်ပါကြောင်း၊
- ❖ လက်ရှိတွင်ပဲတောင့်ရှည်တစ်ပိဿာလျှင် ငွေကျပ်(၁၀၀၀)ရှိကြောင်း၊ စိုက်ပျိုးသူများ အမြတ်ငွေကျပ်(၃)သိန်းရရှိကြောင်း၊ ပဲတောင့်ရှည်ကို မန္တလေးကုန်သည်များမှ အဓိက ဝယ်ယူကြောင်း၊ ပဲတောင့်ရှည်သည် အိမ်ရှင်မများအတွက် မရှိမဖြစ်လိုအပ်သော သီးနှံတစ်မျိုးဖြစ်ရုံမက မုန့်ဟင်းခါးရောင်းသူများအတွက်ပါ အသုံးဝင်ကြောင်း၊ ထို့ကြောင့် ဒေသခံစိုက်ပျိုး သူများသည် ၎င်းတို့ကို ရောင်းချခြင်းဖြင့် အမြတ်ငွေရရှိသည့်အတွက် ဝမ်းသာကျေနပ်ကြ ကြောင်း(၈.၁၀.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော Global New Light Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

Source: https://www.gnlm.com.mm/string-bean-growers-get-more-profit-this-year/?__cf_chl_managed

## တရုတ်အာလူးဈေးကွက်သည် အောက်တိုဘာလတွင် အလားအလာကောင်းလာခြင်း

- ○ တရုတ်နိုင်ငံ၏အားလူးရောင်းအားသည် စက်တင်ဘာလအစောပိုင်းတွင် ရောင်းအား အနည်းငယ်နှင့်စခဲ့သော်လည်း လျင်မြန်စွာ မြင့်တက်ခဲ့ပြီး ယခုလအစောပိုင်းတွင် တရုတ် နိုင်ငံမြောက်ပိုင်းရှိ အာလူးစိုက်ပျိုးထုတ်လုပ်မှု ဧရိယာ အနည်းငယ်တွင်သာသီးနှံအသစ်ရိတ်သိမ်းခဲ့ကြောင်း၊ ဝယ်ယူသူများ၏ စိတ်ဝင်စားမှုနည်းခြင်းကြောင့် ကုန်သွယ်မှုပမာဏသည် အကန့်အသတ်ဖြစ်နေသော်လည်းဈေးကွက်တွင်အားလူးအသစ်များ ရောက်ရှိလာခြင်းသည် Shandong ရှိ သိုလှောင်ရုံများမှ အာလူးများ၏ ဈေးကွက်အခြေအနေကို အကျိုးသက် ရောက်မှုရှိခဲ့ပြီး ကုန်သည်များသည် တရုတ်နိုင်ငံမြောက်ပိုင်းရှိ အာလူးစိုက်ပျိုးထုတ်လုပ်သော ဧရိယာများသို့ သွားရောက်ခြင်းသည် Shandong ၏ ကုန်သွယ်မှုကို နှေးကွေးစေခဲ့ကြောင်း၊
- ○ တရုတ်နိုင်ငံမြောက်ပိုင်း အာလူးစိုက်ပျိုးထုတ်လုပ်သောဧရိယာများတွင် မိုးရွာသွန်းမှု ကြာမြင့်သောကြောင့် အာလူးများ၏အရည်အသွေးသည် စံမပြည့်မီဘဲဖြစ်နေပါသည်။ ထွက်ကုန်အားလုံး၏ အရည်အသွေးသည် ပြီးခဲ့သည့်နှစ်များကဲ့သို့ ကောင်းမွန်မှုမရှိပါ။ ထိပ်တန်းအရည်အသွေးရှိသည့် အာလူးပမာဏသည် အနည်းငယ်သာရှိပြီး များစွာသော စိုက်ပျိုးထုတ်လုပ်သည့် ဧရိယာများသည် အလယ်အလတ် ပုံမှန်အရည်အသွေး အာလူးများနှင့်သာ ရှန်းကန်နေရကြောင်း၊
- ○ ထိပ်တန်းအရည်အသွေးရှိသော အာလူးများ၏ ရောင်းအားပမာဏသည် အကန့်အသတ်ရှိပြီး ရောင်းသူများသည် ၎င်းတို့၏ ထိပ်တန်းအရည်အသွေးရှိသော ကုန်ပစ္စည်းများကို ချုပ်ကိုင်ထားကြောင်း၊ ထိပ်တန်းအရည်အသွေးရှိသော အာလူးများ၏ ဈေးနှုန်းသည် မြင့်တက်လာဖွယ်ရှိကြောင်း၊
- ○ အရွက်စားဟင်းသီးဟင်းရွက်များ၏ ရောင်းအားပမာဏသည် ကျဆင်းလာပြီး ၎င်းတို့သည် သိုလှောင်ရန် မလွယ်ကူပေ။ သို့သော် မုန်လာဥနီ၊ bokchoy၊ ကြက်သွန်နီ၊ အာလူးတို့ သည် သိုလှောင်ရန် လွယ်ကူသောကြောင့် လူတိုင်းသည် ဆောင်းရာသီတွင် အဆိုပါ ဟင်းသီး ဟင်းရွက်များအား ဝယ်ယူရန် နှစ်သက်ကြသော်လည်း bokchoy၊ မုန်လာဥနီ၊ ဟင်းနုနွယ်နှင့် အခြားသော ဆောင်းရာသီဟင်းသီးဟင်းရွက်များ၏ ကြီးထွားမှုသည် မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို ရင်ဆိုင်ခဲ့ရကြောင်း၊၎င်းတို့၏ရောင်းအားပမာဏသည် အလွန်ကျဆင်း သွားပြီး အာလူးများ၏ ရောင်းအားပမာဏသည် လုံလောက်သည်ထက်ပိုသောကြောင့်အာလူးစားသုံးသူများ၏ ဝယ်လိုအားသည်များပြားလာပါကြောင်း၊ (၈.၁၀.၂၀၂၁)ရက်တွင်ထုတ်ပြန်ခဲ့သော Fresh Plaza ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

Source: https://www.freshplaza.com/article/9362297/chinese-potato-market-looks-promising-in-october/

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email: doamisppme@gmail.com